# HOLIDAYS PLANNER
## Travels & Tours Co.,Ltd.

# CAFEO 44 TOUR ITINERARY
## 18th to 24th OCT, 2026
### 7Days/6Nights to Bandung City, Indonesia for CAFEO 44 EVENTS

**ITNERARY:**

**Day 01: 18 OCT, 2026: YANGON - SINGAPORE - JAKARTA - BANDUNG (D)**

ရန်ကုန်လေဆိပ်တွင် Tour Leader နှင့် Singapore Airlines ကောင်တာရှေ့ စုရပ်တွင် တွေ့ဆုံပြီး SQ Counter တွင် **မနက် (၀၇း၃၀) နာရီ** တိတိ တွင် Check In ဝင်ရောက်ပါမည်။ စင်ကာပူ နိုင်ငံ Changi International Airport တွင် (၂)နာရီကြာ Transit ဝင်ရောက်ပြီး အင်ဒိုနီးရှားနိုင်ငံရှိ Jakarta Soekarno-Hatta International Airport သို့ ဆက်လက်ထွက်ခွာပါမည်။ Jakarta လေဆိပ်တွင် ဒေသခံ ဧည့်လမ်းညွှန်မှ လာရောက်တွေ့ဆုံကြိုဆိုနှုတ်ဆက်ပြီးနောက်Bandung မြို့သို့ Private Aircon Coach ဖြင့် ဆက်လက်ထွက်ခွာပါမည်။ ဧည့်သည်တော်များ၏ ညစာ ကို Bandung မြို့သို့သွားရာလမ်းရှိ Local Restaurant တွင်တည်ခင်း ဧည့်ခံပါမည်။ ထို့နောက် Hotel သို့ Check In ဝင်ရောက်ပြီး အေးချမ်းစွာ အိပ်စက်အနားယူပါမည်။









**Day 02: 19 OCT, 2026: Kawah Putih(White Crater) - Rancabali Tea Plantation - Watch Angklung (B/L/D)**

ဟိုတယ်တွင်မနက်စာ သုံးဆောင်ပြီးနောက် မနက် ၈နာရီတွင် Bandung မြို့ တောင်ပိုင်းရှိ **Ciwidey** ဒေသတွင် တည်ရှိသော ထူးခြားလှပသည့် မီးတောင်ဝ အိုင် Kawah Putih သို့ သွားရောက်လည်ပတ်ပါမည်။ အေးမြတဲ့ရာသီဥတု၊ မြူခိုးတွေ၊ အဖြူရောင်မြေသားတွေနဲ့ ပေါင်းစပ်ထားတဲ့ ရှုခင်းကြောင့် Bandung ရဲ့ အလှဆုံး သဘာဝခရီးစဉ်တွေထဲက တစ်ခုအဖြစ် သတ်မှတ်ခံထားရပါတယ်။ ထို့နောက် Bandung တောင်ပိုင်းမှာရှိတဲ့ အကျော်ကြားဆုံး လက်ဖက်စိုက်ခင်းတွေထဲက တစ်ခုဖြစ်သော Rancabali Tea Plantation သို့ သွားရောက်လည်ပတ်ပါမည်။ အေးမြတဲ့ရာသီဥတု၊ မျက်စိတဆုံး စိမ်းလန်းကျယ်ပြန့်တဲ့ လက်ဖက်စိုက်ခင်းတွေနဲ့ လှပတဲ့တောင်တန်းရှုခင်းတွေကြောင့် ခရီးသွားတွေ အလွန်နှစ်သက်ကြပါတယ် နေ့လည်စာ ကို Local Restaurant တွင် သုံးဆောင်ပါမည်။ နေ့လည်စာ သုံးဆောင်ရာ စားသောက်ဆိုင်ရှိ စတော်ဘယ်ရီစိုက်ခင်း များတွင် လေ့လာဝယ်ယူနိုင်ပါသည်။ နေ့လည်စာ သုံးဆောင်ပြီးနောက် UNESCO ယဉ်ကျေးမှု အမွေအနှစ်ဖြစ်သော Aungklung ဝါးတူရိယာ ဖျော်ဖြေပွဲသို့ သွားရောက်လည်ပတ်ပါမည်။ ဤပွဲတွင် ဖျော်ဖြေသူ၏ လက်အချက်ပြမှုအတိုင်း ကိုယ်တိုင်ပါဝင်တီးခတ်နိုင်ပြီး Sundanese ရိုးရာအကများ ကို ပျော်ရွှင်စွာ ကြည့်ရှုခံစားနိုင်ပါသည်။ ညစာကို Local Restaurant တွင် တည်ခင်းဧည့်ခံပါမည်။ ညစာသုံးဆောင်ပြီးနောက် Hotel သို့ Check in ဝင်ရောက်ပြီး အေးချမ်းစွာ အိပ်စက်အနားယူပါမည်။






**Day 03: 20 OCT, 2026: CAFEO 44 EVENT @ Pullman Hotel Conference Venue (B)**

ဟိုတယ်တွင် နံနက်စာ သုံးဆောင်ပြီးနောက် ဆွေးနွေးပွဲ တက်ရန် ၀၇း၃၀ နာရီတွင် Pullman Hotel Conference Venue သို့ ပို့ဆောင်ပေးပါမည်။ နေ့လည်တွင် CAFEO 43 Welcome Dinner အတွက် သက်ဆိုင်ရာ ဝတ်စုံကို လဲလှယ် ဝတ်ဆင်ရန် ဟိုတယ်သို့ ပို့ဆောင်ပေးပြီး တဖန် Pullman Hotel Convention Center သို့ ထပ်မံ ပို့ဆောင်ပေးပါမည်။ ထို့နောက် Welcome Dinner ပြီးသောအခါ အိပ်စက် အနားယူရန် ဟိုတယ်သို့ ပြန်လည်ပို့ဆောင်ပေးပါမည်။

CAFEO 44
Conference of the ASEAN Federation of Engineering Organizations



AFEO

**Day 04: 21 OCT, 2026: CAFEO 44 EVENT & Bandung City Tour (B/D)**

ဟိုတယ်တွင် နံနက်စာ သုံးဆောင်ပြီးနောက် ဆွေးနွေးပွဲ တက်ရန် ၀၈း၀၀ နာရီတွင် Pullman Hotel Conference Venue သို့ ပို့ဆောင်ပေးပါမည်။ ညနေ(၀၄း၃၀)နာရီ တွင် Conference Venue မှ ပြန်လည်ကြိုဆိုပြီးနောက် Bandung မြို့ကို 'The City of Asia-Africa Spirit' လို့ ခေါ်တွင်စေခဲ့သော 'Asia-Africa Conference' ကျင်းပရာ သမိုင်းဝင် Jalan Asia Afrika သို့ သွားရောက် လမ်းလျှောက်လည်ပတ်ပါမည်။ ဆက်လက်၍ ကိုလိုနီခေတ်အဆောက်အအုံဟောင်းတွေ၊ Art Deco ဗိသုကာလက်ရာတွေ၊ Café Bar တွေကြောင့် ယနေ့အချိန်မှာလည်း ခရီးသွားတွေအတွက် အလွန်နာမည်ကြီးတဲ့ Braga Street သို့ လမ်းလျှောက်လည်ပတ်ပါမည်။ ညစာကို Local Restaurant တွင် တည်ခင်း ဧည့်ခံပါမည်။ ထို့နောက်အိပ်စက် အနားယူရန် ဟိုတယ်သို့ ပြန်လည်ပို့ဆောင်ပေးပါမည်။

CAFEO 44
Conference of the ASEAN Federation of Engineering Organizations



AFEO








## Day 05: 22 OCT, 2026: CAFEO 44 EVENT & Kawah Ratu (B)

ဟိုတယ်တွင် နံနက်စာ သုံးဆောင်ပြီးနောက် နံနက် (၈)နာရီတွင် Tangkuban Perahu မီးတောင်ရဲ့ အလှဆုံး ရှုခင်းနေရာဖြစ်သော Kawah Ratu (Queen Crater) သို့ ဦးစွာ သွားရောက်လည်ပတ်ပါမည်။ (၄၅ မိနစ် ခန့်) ထို့နောက် Bandung မြို့တွင်း ခရီးစဉ်စတင်ပါမည်။ ဦးစွာ Bandung မြို့ ၏ အထင်ကရ Landmark ဖြစ်ပြီး အနောက်ဂျာဗားပြည်နယ် အစိုးရရုံးချုပ်အဖြစ် အသုံးပြုနေဆဲဖြစ်သော Gedung Sate အဆောက်အဦး နှင့် Bandung မြို့ရှိ သမိုင်းဝင် အဆောက်အအုံတစ်ခုဖြစ်ပြီး **Art Deco ဗိသုကာလက်ရာ** အတွက် အလွန်ကျော်ကြားသော Villa Isola တို့တွင် အမှတ်တရ ဓာတ်ပုံရိုက်ပါမည်။ ယခုအခါတွင် Villa Isola ကို **Universitas Pendidikan Indonesia (UPI – Indonesia University of Education)** ၏ အဓိကအဆောက်အအုံအဖြစ် အသုံးပြုလျက်ရှိပါသည်။ နေ့လည်စာ သုံးဆောင်ရန် Pullman Conference Venue သို့ ပြန်လည်ပို့ဆောင်ပေးပါမည်။ နေ့လည်စာ သုံးဆောင်ပြီးနောက် ဒေသခံတွေနဲ့ နိုင်ငံခြားခရီးသွားတွေအတွက် အရေးကြီးတဲ့ ကုန်သွယ်ရေးနေရာတစ်ခုဖြစ်သော **Pasar Baru Trade Center** သို့သွားရောက်ပါမယ်။ အဲ့ဒီမှာဈေးဆစ်ဝယ်ယူခြင်းကလည်း ဒီနေရာရဲ့ ထူးခြားချက်တစ်ခု ဖြစ်ပါတယ်။ Local Market တွင် Batik အထည်များကို စိတ်ကြိုက်ရွေးချယ် ဝယ်ယူနိုင်ပါသည်။ Pasar Baru မှ ညနေ (၄)နာရီတွင် ပြန်လည်ကြိုဆိုပြီး CAFEO 44 Farewell Dinner တက်ရန် အတွက် သက်ဆိုင်ရာ မြန်မာဝတ်စုံပြည့် ဝတ်ဆင်ရန် ဟိုတယ်သို့ပို့ဆောင်ပေးပါမည်။ ၁၇း၁၅ နာရီတွင် ဟိုတယ်မှ Conference Venue သို့ ပို့ဆောင်ပေးပါမည်။ ထို့နောက် Farewell Dinner ပြီးသောအခါ အိပ်စက် အနားယူရန် ဟိုတယ်သို့ ပြန်လည်ပို့ဆောင်ပေးပါမည်။








## HOLIDAYS PLANNER
### Travels & Tours Co.,Ltd.

**Day 06: 23 OCT, 2026: Bandung - Whoosh Express Train - Jakarta - Singapore (B/L)**

ဟိုတယ်တွင် နံနက်စာ သုံးဆောင်ပြီးနောက် မနက် (၉) နာရီတွင် ဟိုတယ်မှ Check Out လုပ်ပြီး Factory Outlet တွင် ပျော်ရွှင်စွာ ဈေးဝယ်ထွက်ပါမည်။ Bandung က အင်ဒိုနီးရှားရဲ့ Shopping Paradise လို့တောင် ခေါ်လို့ရပါတယ်။ ဒီမြို့ရဲ့ ထူးခြားချက်တစ်ခုက Factory Outlet တွေဖြစ်ပြီး Fashion ပစ္စည်းတွေကို အရည်အသွေးကောင်းကောင်းနဲ့ ဈေးနှုန်းသင့်တင့်စွာ ဝယ်ယူနိုင်ပါတယ်။ ဒါကြောင့် Bandung လာရင် သဘာဝနေရာတွေ လည်ပတ်တာအပြင် Shopping Experience ကိုလည်း မလွတ်သင့်ပါဘူးခင်ဗျာ။ လူသုံးကုန်ပစ္စည်းများ ဝယ်ယူနိုင်ရန် အတွက် Paris Van Java, Paskal Shopping Center စသောနေရာများသို့ ပို့ဆောင်ပေးပါမည်။ နေ့လည်စာကို Local Restaurant တွင် တည်ခင်းဧည့်ခံပါမည်။ နေ့လည်စာ သုံးဆောင်ပြီးနောက် Jakarta သို့ နေ့လည် (၂)နာရီ ထွက်ခွာသော Express Train ဖြင့် ပျော်ရွှင်စွာ ရထားစီးသွားပါမည်။ ထို့နောက် Jakarta လေဆိပ်သို့ ကားဖြင့် ဆက်လက်ထွက်ခွာပြီး Singapore Changi Airport သို့ Singapore လေကြောင်းလိုင်းဖြင့် ပျံသန်းပါမည်။

Rumah Mode Factory Outlet
















**Day 07: 24 OCT, 2026: SINGAPORE - YANGON (B)**

Singapore လေဆိပ်သို့ 23 OCT ည (၁၀း၀၀)နာရီတွင် ရောက်ရှိပါမည်။ Singapore လေဆိပ်တွင် Duty Free ကောင်တာများတွင် ဈေးဝယ်ရင်း စင်ကာပူလေဆိပ်ရှိ ကမ္ဘာ့အမြင့်ဆုံး Indoor Waterfall ဖြစ်သော Jewel Changi သို့ ပို့ဆောင်ပေးပါမည်။ 24 OCT မနက် ၆ နာရီတွင် Singapore Airlines ၏ Check In ကောင်တာသို့ ဝင်ရောက်ပြီး Yangon မြို့သို့ မနက် (၀၉း၂၅) နာရီတွင် ပျော်ရွှင်စွာ ပြန်လည် ရောက်ရှိပါမည်။

***Home Sweet Home***

Flight Schedule:

| | | | | |
|---|---|---|---|---|
| SQ 761 | 18OCT | RGNSIN | 10:25/15:10 | 18OCT |
| SQ 964 | 18OCT | SINCGK | 17:20/18:15 | 18OCT |
| SQ 965 | 23OCT | CGKSIN | 19:20/22:05 | 23OCT |
| SQ 762 | 24OCT | SINRGN | 07:55/09:25 | 24OCT |

No.253/5-A, Yangon-Insein Road, 16 Ward, Hla .
Tel: 09450024079, 09795517710, Email: myanmartravelassist@gmail.com

HOLIDAYS PLANNER
Travels & Tours Co.,Ltd.

**Quotation Price:**

| Base on Twin/Double Sharing Room | Air Fare + Tour Fare Per Person in USD<br>33+2 FOC (ticket & tour) | Single Surcharge |
|---|---|---|
| 4-Star Hotel >> IBIS Style Grand Central<br>https://all.accor.com/hotel/9339/index.en.shtml | 1100 USD | 140 USD |

**ခရီးစဉ်တွင် ပါဝင်သော ဝန်ဆောင်မှုများ**

>> 5-Star Singapore Airlines (SQ)ဖြင့် အသွားအပြန် လေယာဉ်လက်မှတ်
(Economy Class with 25kg for Luggage And 7kg for Hand Carry)

>> (5)Nights Hotel Accommodation (အထက်ဖော်ပြပါ ဈေးနှုန်းတွင် ဖော်ပြထားသော ဟိုတယ်များ)
၁-ခန်းလျှင် ညေ့်သည် (၂)ဦး

>> ခရီးစဉ်တွင် ပါဝင်သော မနက်စာ(နေ့စဉ်)၊ နေ့လည်စာ(၂)နပ်၊ ညစာ(၃)နပ်

>> အထက်ဖော်ပြပါ Bandung Tour ခရီးစဉ်တွင် ပါဝင်သော လည်ပတ်စရာနေရာ ခရီးစဉ် နှင့် ကြို/ပို့ ဝန်ဆောင်မှု များအတွက် Private Aircon Car အသုံးပြုမှုများ ၊

>> Tourist Attractions ဝင်ကြေးများ

>> ကားပေါ်တွင် ဒေသခံ English စကားပြော Guide နှင့် ချက်ချင်း ဆုံးဖြတ်ချက်ပေးနိုင်သော မြန်မာ Tour Leader (၁)ဦး

>> IN and OUT TRNASFER SERVICE from Manila International Airport to Metro Manila City and Clark City.

>> ခရီးသွား အာမခံကြေး Personal Travel Insurance (AYA JOY Travel)
*အသက် (၇၀) အတွင်းသာ*

>> ၅၀၀ml ရေသန့်ဗူး **free flow**

>> အမှတ်တရ စပို့ရှပ် , Delegation Address Book နှင့်
Luggage Belt Strap >>>



**ခရီးစဉ်တွင် မပါဝင်သော ဝန်ဆောင်မှုများ**

>> ခရီးစဉ်တွင် မပါဝင်သော တဆင့်သွား လေယာဉ်ခ၊ ကားခ၊ လေ့ခ စသည့် ကုန်ကျစရိတ်များ
>> အသက်အာမခံကြေး Personal Life Insurance
>> ဒေသခံ စားသောက်ဆိုင်များတွင် မိမိဘာသာ မှာယူသော အရက်၊ဘီယာ၊အချိုရည် (Soft & Strong Drink)
>> အထက်ဖော်ပြပါ ခရီးစဉ်တွင် မပါဝင်သော အစားအသောက် နှင့် အခြားဝန်ဆောင်မှု ကုန်ကျစရိတ်များ
>> Hotel တွင် Minibar, Pay TV & ဟိုတယ် တယ်လီဖုန်း အသုံးပြုမှုများ

No.253/5-A, Yangon-Insein Road, 16 Ward, Hlaing Township, Yangon.
Tel: 09450024079, 09795517710, Email: myanmartravelassist@gmail.com